
လမင်းမိုမို
လဝန်းပျော်ရာ

# အခန်း (၁)

ထီးကို ဝရန်တာကြီးမှာ ချလှန်း၊ ခေါင်းမှ လက်မှ ရေစက်တွေသပ်ခါ ချ၊ဖိနပ်ချွတ်ကာ ခြေထောက်ကို သေသေချာချာကြီးသုတ်ပြီးမှ မှန်တံခါး တွန်းဖွင့်ပြီး "မနော"ကဧည့်ခန်းထဲဝင်လိုက်သည် ။ ဧည့်ခန်းထဲမှာ တန်း ခနဲ မြင်တွေ့လိုက်ရသူမှာ ကိုငြိမ်း။ ဧည့်ခန်းတစ်နေရာရှိ ကနုတ်ခွေပေါ င်ကွပ် ဘဲဥပုံမှန်ကြီးကို ရှေ့မှာ နီညိုပျော့ပျော့ လည်စည်းတစ်ခုကို လ ည်ပင်းမှာ ချည်နှောင်စည်းနေသည် ။ ကြွေရောင်တောက် ရှပ်ဖြူသန့်နှင့် ။

ကိုငြိမ်းက တံခါးပွင့်လာတာကို လှည့်ကြည့်ပြီး ...

"ဟာ...မနော ပြန် လာပြီလား၊ ကြည့်စမ်း ... မိုးရွဲ လာပြီကိုး၊ ဒါကြောင့် အန်တီခရီးသွားတုန်း ကျောင်းအကြို အပို့ကို ကိုယ်တာဝန်ယူ ပ့ါမယ်ဆိုတာ မနောရယ်"

မျက်ခုံးတွန့်ကာ တဖျစ်တောက်တောက် မြည်တွန်ခြင်းဟာ အရေး ပေး အလေးထားမှုတစ်ခုကိုဖော်ပြနေတာပဲမို့ ဘာပဲဖြစ်ဖြစ် မိန်းက လေးပီပီ မနောက နှစ်သက်သလို ရှိမိပါသည် ။

"ရပါတယ်..ကိုငြိမ်းကလည်း ကိုယ့်အလုပ်နဲ့ ကိုယ် ရှုပ်နေတဲ့ ဟာ ... ကိစ္စမရှိပါဘူး"

"ဘယ်ဟုတ်မလဲ၊နက်ဖြန်တော့ ကိုယ် အကြိုအပို့ လုပ်ပေးမယ်"

"ရပါတယ်ဆိုမှ ကိုငြိမ်းကလည်း "

"ဘယ် ... ရရမှာ လဲ၊ကဲ ... ခေါင်းတွေ သုတ်လိုက်ပါဦး၊ကော်ဖီပူပူ တစ်ခွက်သောက်လိုက်ပေ့ါ...ဟုတ်လား"

နံဘေးက ဦးထုပ်ချိတ်စင်ရှည်လေးမှာ ချိတ်ထားသော ကုတ်အင်္ကျီကို မဝတ်နိုင်သေးဘဲ ကိုငြိမ်းက မီးဖိုဘက် သူကိုယ်တိုင် ဝင်ပါသွားလေသည် ။ နောက်ဖေးဘက်မှ တစ်ယောက်ယောက်ကို သူကိုယ်တိုင် ကော်ဖီတစ်ခွက်လုပ်ဖို့ စီစဉ်အမိန့်ပေးနေတာမို့ မနော ဘာမှ ပြောမနေတော့ဘဲ ကိုယ့် အခန်းထဲကိုသာ ဝင်လာလိုက်သည် ။

လွယ်အိတ်ချ၊ အင်္ကျီတွေချွတ်လဲကာ အိမ်နေအင်္ကျီနှင့် တဘက်တစ်ခု ခေါင်းကို ပွတ်သုတ်လျက်သား ပြန်ထွက်လာခဲ့သည် ။ ထမင်းစားခန်းထဲက စားပွဲမှာ ကိုငြိမ်းက ထိုင်နေသည် ။

"သေချာသုတ် ... သေချာသုတ်"

တစ်ခါတစ်ရံတော့ သူ့အရေးစိုက်မှုကို နှစ်သက်သလိုရှိလျက် တစ်ခါတစ်ရံတော့လည်း ပျူငှာမှု လွန်ကဲလွန်းသည် ဟု မနော သိပ်မနှစ်မြို့တတ်။ သူ့ပုံစံဟာ တစ်ခါတစ်ရံမှာ တော့ အချွဲပို အဖားပိုနေသယောင် ကလက်တက်တက်ကြီးလည်း ရှိချင်ရှိတတ်သည် ။ အဲသည် အခါတွေမှာ မနောစိတ်ထဲ ရွံ့သလိုလို။

တစ်ခါတလေတော့လည်း သြော် ... သူဟာ ငါ့ကို အတော်ကြီး ဂရုစိုက်တဲ့ ယောကျ်ားတစ်ယောက်ပဲဟု ထင်မြင်ယူဆချင်လာတတ်ပါသေးသည် ။ အဲသလို ယူဆမိတဲ့ အခါ ရုပ်ဖြောင့်ဖြောင့် ရိုးကျကျ အလုပ်အကိုင် အဆင်ပြေပြေ၊ သည် လိုလူတစ်ယောက်ကို လူကြီးတွေ သဘောတူနေမှ တော့ဖြင့် ငြင်းမနေတော့ပါဘူးဟု ဆုံးဖြတ်ချက် ချမိတော့မလို ရှိတတ်ပြန်လေသည် ။

ကိုငြိမ်းကို တွေ့မြင်ဖူးကြသောသူငယ်ချင်းတွေထဲ မေခင်တစ်ယောက်ကလွဲလျှင် ကျန်တဲ့ အားလုံးက မနောနှင့် သဘောတူကြသည် ဟု ဆိုသည် ။ အဘက်ဘက်က ပြည့်စုံတယ်၊ နင့်ကို လည်း ချစ်တယ် ဆိုသည် မ၂၁ သူတို့ ရဲ့ အကြောင်းပြပင်။ လူကြီးလူကောင်းဟန်ပန်စတိုင်တို့ကြောင့် သူနဲ့ တွဲရမှာ ဂုဏ်ရှိပါသည် ဟု ဆိုသူလည်း ဆိုရဲ့ ။ မနောအပေါ် အရေးပေး ဂရုစိုက်မှုကိုလည်း ဘေးကနေ အားကျ နေရာလဲလိုက်ချင်သူကရှိသေး။

မေခင်ကတော့ သူငယ်ချင်းတွေထဲမှာ လူကြီးဆန်သူ တစ်ယောက်ဖြစ်သည် ။

"ဒီလူဟာ တစ်ခုခုကို လိမ်နေသလိုပဲ ငါ့စိတ်ထဲ ထင်နေတယ်။ တစ်ခါတစ်ရံ သူ့အမူအရာက ပိုလွန်းတယ်။ အပေါ်ယံကြည့်ရင်တော့ နင်ရွေးချယ်ဖို့ သက်သက် ဘုရားက ဖန်ဆင်းပေးလိုက်လို့ လူဖြစ်လာတဲ့ လူတစ်ယောက်လို့ ထင်ရတယ်၊ဒါပေမဲ့ အကြောင်းပြချက်မရှိဘဲ သူ့ပုံစံကို လူလိမ် တစ်ယောက်လိုပဲ ငါမြင်မြင်နေရတယ်၊ ဟုတ်ကိုဟုတ်ရမယ်၊ လို့တော့ မပြောဘူးနော်၊ ငါ့ဟာငါ ထင်နေတာပဲ"

သည် လိုနှင့်ပဲ ကိုငြိမ်းကို ချစ်ရမလိုလို၊ မချစ်ရဘူးလိုလို မနောစိတ်တွင် ဒွိဟဖြစ်လျက် ချစ်မိတော့မလိုလိုနှင့် အသေအချာမချစ်နိုင်သေးတာဟာလည်း အမှန်တရားပင် ဖြစ်တော့သည် ။ ဘာပဲဖြစ်ဖြစ် သည် ဝါကျွတ်တွင် ကိုငြိမ်းနှင့်မနောကို ပေးစားကြတော့မည်ဆိုတာကို သိနေလျက် ရှင်းရှင်းကြီးမငြင်းမိသေးတာလည်း သည် နေ့အထိ ဖြစ်သည် ။

"ဟင် ... ရေခဲသေတ္တာနောက်က ပြတင်းပေါက်ကပွင့်လို့ ၊ မိုးတွေပက်လို့ ၊ မဂျမ်းရေ .. မတွေ့ဘူးလားဟယ်"

မနောက ရေရွှတ်ရင်း ကိုယ်တိုင်အပြေးသွားကာ ပိတ်သည် ။

ပြတင်းတံခါးချပ်ရဲ့ ချက်ကို လေအားကြောင့် တော်တော်နှင့်ဖြုတ်မရ။

"ကြည့်စမ်းကွာ ... ဟုတ်သားပဲ၊ မနော ... နေ နေ၊ ကိုယ်ပိတ်ပေးမယ်၊ မနောကို မိုးထပ်ပက်ပြီးပြန်စိုဦးမယ်"

"မနောစိုတော့ဘာအရေးလဲ ...အင်္ကျီလဲရုံပဲဟာ၊ကိုငြိမ်းက အပြင်သွားခါနီး အဝတ်လဲပြီး သားတွေ စိုကုန်မယ်"

ပြောရင်းဆိုရင်း ပြတင်းပေါက်ကို မနောပဲ ပိတ်လို့ ရသွားပါသည် ။ မဂျမ်းကလေးက ကော်ဖီမတ်ခွက်နှင့် ထမင်းစားခန်းထဲ အပြေးရောက်လာကာ ...

"ကျွန်မ မေ့သွားလို့ မမလေး"

"ဒေါ်သန်းကကော မမြင်ဘူးလား၊ကဲ ... ဟောဒီကြမ်းကို သုတ်လိုက်ဦး"

ဒေါ်သန်းက မီးဖိုထဲမှ လူထွက်မလာဘဲ အသံထွက်လာသည် ။

"တစ်ပတ်စာ ဈေးသွားတဲ့ နေ့မို့ ခုတ်လို့ ထစ်လို့ လုံးလို့ ချွတ်လို့ သိမ်းလို့ ဆည်းလို့ ကို မပြီးနိုင်ဘူးမနောရေ့၊ မိုးရွာတာသိတော့ မိဂျမ်းကို ပြတင်းပေါက်တွေ လိုက်ပိတ်လိုက်လို့ ပဲ ပြောနိုင်တယ်၊ ဒီအိမ်ထဲ လူလေးနှစ်ယောက်နဲ့ တစ်ပိုင်းလောက်အတွက် ချက်လို့ ကို မပြီးဘူး၊ တစ်ယောက်ကို တစ်မျိုး စီစဉ်နေရတော့ လူလည်း ..."

"ဒေါ်သန်း ကိုယ့်နေရာမဟုတ်ဘဲ မဆိုင်တာလျှောက်ပြောမနေနဲ့ "

လှမ်းအော်လိုက်သူမှာ ကိုငြိမ်း။ ဒေါ်သန်းက မီးဖိုပေါက်ဝနားလာ၍ မနောကို လှမ်းကြည့်ကာ ကိုငြိမ်းဘက် နှုတ်ခမ်းရွဲ့ မျက်စပစ် ရှုံ့မဲ့ပြသည် ။ ကိုငြိမ်းထိုင်နေရာမှ တော့ မမြင်နိုင်ပေ။ ဒေါ်သန်းတစ်ယောက်က ကိုငြိမ်းကို သဘောမကျတာ သိသာလှပါသည် ။ ဒေါ်သန်းဟာ မနောတ

စ်သက်မေမေနှင့် တူတူနေလာတာ သည် လို ပြန်လှန်ပြောတတ်ခြင်းမျိုး ရှိမှ မရှိဘဲ။ ခုနောက်ပိုင်းမှ ပြောတတ် ထေ့တတ်ကျင့်ရလာသည် ။

မနောက နံ့ရံကပ် ဗီရိုစင်ကလေးဆီ ထကာကော်ဖီ ပန်းကန်နှစ်စုံ ထုတ်ယူလိုက်ပြီး မတ်ခွက်ထဲမှ တစ်ခွက်ဆီသို့ ထည့်သည် ။

"ဒင်နာရှိသလား ကိုငြိမ်း"

"ဟုတ်တယ် ...မနော၊ စင်ကာပူက ကုမ္ပဏီတစ်ခုနဲ့ ကွန်ထရက်တ် တစ်ခုရလို့ ဒင်နာပေးတာလေ၊ လူကြီးပိုင်းလောက်ပဲ ဖိတ်တာပါ၊ နဝရ တ်မှာ လုပ်မယ်၊ အဲသလို တာဝန်အရစားရ သောက်ရတာလည်း ကျဉ်း ကျပ်ပါတယ်ကွာ၊ စားမကောင်းပါဘူး၊နေဦး၊ အစားအသောက်ကောင်း တဲ့ ရက်စတော့ရဲင့် တစ်ခုခု ရှာဦးမယ်၊ မနောနဲ့ အေးအေးလူလူ သွား စားဦးမယ်၊ ခုလိုကတော့ အလုပ်ကိစ္စတွေ ပြောစကားတွေ အတိအကျ ဂရုစိုက်နေရတာနဲ့ ပဲ ဘာအစားမှ အရသာခံမရဘူး"

"သွားမစားချင်ဘူး ကိုငြိမ်းရာ၊ ဈေးတွေကြီးကကြီးနဲ့ ဆို"

"သြော် ... ဈေးကြီးလည်း ကြီးပေ့ါ၊ ကိုယ်ရှာဖွေနေတာ ဘာလုပ်ဖို့ လဲ၊ ဘယ်သူ့ဖို့ လဲ"

သည် စကားက ခပ်ပိုပိုကြီးလိုမို့ မနော မျက်နှာ ခပ်ထူထူနှင့်ရှက်တ က်တက်လိုလိုကြီးဖြစ်မိသည် ။

အဲသလို ငွေရေးကြေးရေး အလေးထားစရာ မဟုတ်သလို ပြောပုံမျိုး ကို မနော မကြိုက်ပါ။ တစ်သက်လုံး သူဌေးမြေး၊ သူဌေးသမီးလုပ်ခဲ့ရသူ မနောဟာ ငွေကို တန်ဖိုးမသိဘဲရေလိုသုံးစွဲ ထင်တိုင်းကြဲတတ်သူတစ် ယောက် မဟုတ်။ကိုယ်ပိုင်ဝင်ငွေမရှိသေးသော ကျောင်းသူတစ်ယောက် ပီပီမေမေပေးသောမုန့်ဖိုးကို တိုင်းထွာ သုံးစွဲတတ်ပါသည် ။ မလောက်

ဘူးရယ်လို့ မရှိအောင်လည်း မေမေက ပေးကမ်းထားတာပဲ။

တွေးရင်းက မေမေ့ကို မနောသတိရလာမိကာ ...

"ကိုငြိမ်းရယ်၊ မေမေကလည်း ခရီးသွားတာ ကြာလိုက်တာနော်၊ မနော မေမေ့ကို အောက်မေ့လိုက်တာ"

"အကြောင်းကိစ္စလေးတွေရှိလို့ ဖြစ်မှာ ပေ့ါ၊ အန်တီသွားတဲ့ ကိစ္စလည်း မနောအသိပဲ၊ ဆွေတွေမျိုးတွေဆီ အနှံ့သွားနေမှာ ပေ့ါ၊ တစ်ပတ်ရှိသေးတာ ... မနောကလည်း "

မနောက မျက်တောင်လေးစင်းကာ သက်ပြင်းတစ်ချက် ခိုးရှိုက်သည် ။ အင်း ...ဘာလိုလိုနဲ့ သည် ဝါကျွတ်မှာ အိမ်ထောင်ပြုရတော့မှာ တဲ့လား။ မေမေက မန္တလေး စစ်ကိုင်းရှိ မေမေ့ဆွေမျိုး ဖေဖေ့ဆွေမျိုးများ ရှိရာသွားပြီး မနော မင်္ဂလာကိစ္စကို အသိသွားပေးတာဖြစ်သည် ။ ဝိုင်းကြကူကြ တက်ညီလက်ညီ ဆောင်ရွက်နိုင်ကြအောင်။ မေမေက ညီမငယ်ကလေးလိုမို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်အသိပေး ရတာပါ။

မေမေက တစ်ဦးတည်းသောသမီး။ သို့သော် ဘိုးဘိုး ဘွားဘွားတို့က ဦးဦးကို သားအဖြစ် ငယ်ငယ်ကတည်းက မွေးစားထားသဖြင့် မောင်နှမနှစ်ယောက် ဆိုပါစို့။တစ်ဝမ်းကွဲတွေသာ မေမေ့မှာ ရှိသည် ။ အားလုံးဟာ မေမေထက်အကြီးတွေချည်း။ ထိုတစ်ဝမ်းကွဲများ ဟာ ဦးဦးကို တော့သိပ်ဟက်ဟက်ပက်ပက် မရှိကြတာမနောရိပ်မိပါသည် ။ မွေးစားသားမို့ သွေးမစပ်လို့ ထင်ပါရဲ့ ။

ဦးဦးမှာ ပြောပလောက်သောအပြစ်အနာအဆာ မနောမမြင်ပါ။ မနောကိုလည်း ဖူးဖူးမှုတ်ထားပါသည် ။ ဘိုးဘွားလက်ငုတ် စီးပွားရေးကိုသူကပဲ ဦးစီးဦးဆောင်လုပ်ကိုင် နေကာ မေမေ့ကို လစဉ်အမြတ်ငွေအားလုံး အပ်ပြီးမှ သူ့အတွက် လခကဲ့သို့ပြန်လည်တောင်းခံယူပါသည် ။ ဦး

ဦးရဲ့ ဇနီး အန်တီမူယာက ခေတ်ဆန်ကာ ဖဲရိုက်တတ်တာကလွဲလျှင် မနောတို့ နှင့် ဘာပြဿနာမှ မရှိ။ တစ်အိမ်တည်း စုဝေးနေကြပေမဲ့စည်းလုံးချစ်ခင်မှုနှင့်ပါပဲ။ ကတောက်ကဆတ်ဖြစ်ဖို့ မပြောနှင့်၊ ဘာလေးတစ်ခုမှ စိတ်အနှောင့်အယှက်ဖြစ်စရာ ပြဿနာမဖြစ်ဖူးပါ။

ကိုငြိမ်းက အန်တီမူယာမောင့် အငယ်ဆုံး။

ကိုငြိမ်းက အိမ်သားရယ်လို့ တော့မဟုတ်။ သို့သော် အိမ်မှာ အချိန်ကာလ အကန့်အသတ်မရှိ အတူနေဖြစ်လိမ့်မည်ဟု အသိနှင့် မေမေက နေခွင့်ပြုလက်ခံခဲ့ခြင်းပါ။ အန်တီမူယာတို့ က မိတ္ထီလာဇာတိ။ မိတ္ထီလာမှာ ခြံနှင့်အိမ်နှင့်လုပ်ငန်းနှင့်။ ကိုငြိမ်းက ကုမ္ပဏီတစ်ခု တည်ထောင်မည်ဆိုကာ ရန်ကုန်ရောက်လာတော့ ပထမတွင် အိမ်တစ်လုံးငှားကာနေသည် ။

ဝင်ကာ ထွက်ကာ ရင်းနှီးလာတော့ မေမေကိုယ်တိုင်က ခင်မင်ရင်းနှီး လာပြီး အန်တီမူယာက စကားရိပ် နည်းနည်းလေးသန်းရုံမျှနှင့် အိမ်မှာ ပဲ လာနေလိုက်ပါလားဟု စတင် ဖိတ်ခေါ်ယူခဲ့တာပါ။

အန်တီမူယာနှင့် ကိုငြိမ်းက ဆယ်နှစ်တိတိကွာသည် ။ မောင်အငယ်ဆုံးလေး။ မောင်အငယ်ဆုံးလေး ဆိုပေမဲ့ ကြားက မောင်နှမများမှာ ငယ်ငယ်ကပင် ဆုံးပါးကြ အဖတ်မတင်ကြမို့ မောင်နှမနှစ်ယောက်တည်းသာ။ ကိုငြိမ်းရောက်လာသည့်အတွက်လည်း ထူးပြီး အိမ်မှာ အနှောင့်အယှက်မရှိပါ။ မိတ္ထီလာက မိဘဘိုးဘွားပိုင်ခြံမြေ၊ အိမ်၊ လုပ်ငန်းတို့ ကိုရောင်းဖို့ မရောင်းဖို့ ချီတုံချတုံစဉ်းစားနေကြဆဲ။ ရောင်းချပြီးလျှင်တော့ ကိုငြိမ်းက ရန်ကုန်မှာ ခြံကလေး တိုက်ကလေးဝယ်ကာ အခြေချမည်။ လောလောဆယ် ကုမ္ပဏီ လုပ်ငန်းထဲထည့်ထားရသော ငွေပမာဏများ လှသဖြင့် အိမ်မဝယ်နိုင်သေးဟု ဆိုသည် ။ ကုမ္ပဏီမှ ငွေလည်ပတ်ကာ

အမြွတ်စွန်းစွန်းများများ ထွက် လာပြီဆိုလျှင်တော့ မိတ္တီလာ ခြံမြေတို့ ကိုမရောင်းဘဲ သည် မှာ သတ်သတ်ခြံဝယ်နိုင်မည်။

ဒါတွေကို မနော စိတ်မဝင်စားလှပါ။မေမေကတော့ သိရသမျှကို မှတ်သားထားပြီး ကိုငြိမ်း၏ လုပ်ရည်ကိုင်ရည်အစွမ်းအစနေထိုင်ပြုမူပြောဆိုပုံတို့ ကို သဘောကျမျက်စိ တွေ့လာဟန် တူပါသည် ။ အန်တီမူယာ အားပေးအားမြှောက်မှုလည်း ပါကိုပါမှာ ။ ဒါကိုလည်း မနော အပြစ်မဆိုပါ။ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဆိုသလို ဟိုဘက်အမျိုးသည် ဘက်အမျိုးထဲက အရွယ်ကောင်း လူပျိုအပျိုကို စပ်ဟပ်တာဟာ သဘာဝကျပါသည် ။

ကိုငြိမ်း မနောတို့ နှင့်အတူ နေလာခဲ့တာ ခြောက်လ ပတ်ဝန်းကျင်ရှိခဲ့ပါပြီ။ သည် ကြားထဲမှာ မနောကို မေတ္တာရှိပါသည် ဟု အန်တီမူယာမှတစ်ဆင့် မေမေ့ထံနားဖောက် လေတော့ မေမေကလည်း သဘောကျသည့်ဘက် ခပ်ပါပါ။ မနောအနေနှင့်ကလည်း ပဲ ငြင်းလောက်စရာရယ်လို့ ဘာမှ အကြောင်းကြီးကြီးမားမား ရှာမတွေ့လေတော့ ဆိတ်ဆိတ်နေခြင်းဟာ သဘောတူဝန်ခံခြင်းရယ်လို့ ပဲ လူကြီးတွေကိုအဓိပ္ပာယ်ကောက်စေပါတော့သည် ။

“မေမေက ဖုန်းလည်း မဆက်ဘူး၊ မေမေတည်းမယ်ဆိုတဲ့ ကြီးကြီးတို့ အိမ်ကလည်း ဖုန်းမရှိတော့ မနောဘက်ကလည်း ဆက်လို့ မရ”

“စိတ်မပူပါနဲ့ မနောရာ၊ အန်တီဟာ လူကြီးတစ်ယောက်ပဲ၊ ယောကျ်ားမရှိတော့ဘဲနဲ့ စီးပွားရေးလုပ်ငန်းကြီးကို ကောင်းကောင်း အုပ်ချုပ်နေနိုင်တဲ့ မိန်းမမျိုးပဲ”

“ဟင် … မေမေက ပိုက်ဆံလေး အခန့်သားသိမ်းရုံပါ၊ ဦးဦးက ဦးဆောင်ခေါင်းရွက်လုပ်ပေးနေတာပါ”

“ဘာပဲဖြစ်ဖြစ် အဓိကအုပ်ချုပ်သူက အန်တီပဲလေ၊ ကြီးကြီးမားမား ဆုံးဖြတ်ချက်တွေ အန်တီ့ဆီကယူရတာပဲ မဟုတ်လား”

မနော စောဒကမတက်တော့။ ဦးဦးက နေရာပေးတိုင်ပင်ပါသည် ။ တိုင်ပင်ရင်းကပဲ သူ့ဆန္ဒလေးတွေ မသိမသာ ထည့်သွင်းအရိပ်ပြပြောပြီး သား။ မေမေ့ဆုံးဖြတ်ချက် ဆိုသည် မှာ “မောင်အောင်မင်း ကောင်းမယ် ထင်သလိုလုပ်လေ” ဆိုတာပဲဖြစ်သည် ။

“အိမ်ရှေ့က ဘဲလ်သံများ လား၊ မဂျမ်း ... သွားကြည့်စမ်း”

မနောပြောစကားကြောင့် မဂျမ်းက ကိုယ်လုံးတုတ်တုတ်လေး တနဲ့ နဲ့ နှင့် အပြေးထွက်သွားသည် ။ ခဏနေပြန်ပြေးလာကာ ...

“ဟို ... ဗလကြီးနဲ့ အစ်ကိုကြီး ... မမလေး”

သည် ကတည်းက မနောသိ လိုက်လေပြီ။ သည် လူကို မဂျမ်းက အမြဲပင် “ဗလကြီးနဲ့ အစ်ကိုကြီး” ဟု ခေါ်သည် ။ ခေါ်လောက်သည့် ထွားကျိုင်းသန်မာသော ကိုယ်ခန္ဓာဗလကြီးလည်း ရှိသမို့ ခေါ်သူမမှားပါ ။ သူ့နာမည်ကလည်း လျှာအလိပ်သား။ အိုက်လိတ်တဲ့ ။ ထိုနာမည်ကို ကရင်မလေး မဂျမ်းက အသံဝဲနှင့်မခေါ်တတ်ပါ။ “အိပ်လိတ်”တို့ “အိုက်လိုက်” တို့ “အိပ်လိုက်” တို့ မျိုးစုံ ဖြစ်ချင်တိုင်းဖြစ်နေလေရာ “ဗလကြီးနဲ့ အစ်ကိုကြီး” ဟု သာ ခေါ်ခွင့်ပြုထားရပါသည် ။

မေမေ့ငယ်သူငယ်ချင်း၊ နွမ်းပါးသော ဒေါ်ဒေါ်မြ၏ တစ်ဦးတည်း သောသားအဖြစ် သိထားရပါသည် ။ ဒေါ်ဒေါ်မြကို ရင်းနှီးခင်မင်သော်လ ည်း သူနှင့်တော့ မရင်းနှီးပါ။ တစ်ဦးကိုတစ်ဦးသိကာ မကြာမကြာမြင်ဖူး ပါလျက် တစ်ခါမှ ပြုံးရယ်နှုတ်ဆက်စကားဆိုမှု မရှိဖူးပါ။ မေမေနှင့်သာ ပြောဆိုကိစ္စပြီးပြတ်လေ့ရှိသည် ။

ဒေါ်ဒေါ်မြတို့ သားအမိက ကြက်ဘဲမွေးခြင်း၊ ဥယျာဉ် စိုက်ပျိုးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းသည် ။ ဒါကြောင့်လည်း တစ်ပတ်တစ်ခါ အိမ်ကို ကြက်ဥအလုံးသုံးဆယ်နှင့် ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်များ လာပို့လေ့ရှိသည် ။ အလကားယူတာမဟုတ်ပါ။ မေမေက သူ့သူငယ်ချင်းအတွက် ဖောက်သည် တစ်အိမ်အနေနှင့် ပိုက်ဆံချေကာ ဝယ်ယူခြင်းဖြစ်ပါသည် ။ ဈေးကဝယ်တာထက် သန့်ရှင်းစွာ စားရပါသည် ။

သည် နေ့တော့ မေမေ မရှိဘူးမို့ မနောက လက်ခံယူကာ ပိုက်ဆံချေရပေတော့မည်။ မနော အိမ်ရှေ့ ထွက်လာခဲ့ရာ နောက်မှ ကိုငြိမ်းက လိုက်ပါလာသည် ။

မနောက တံခါးဝမှာ ရပ်လိုက်သည် ဆိုလျှင် ပေါ်တီကို အောက်ရှိ ဂျစ်ကားစုတ်စုတ်တစ်စီးထဲမှ နှီးခြင်းပလုံးများ ဆွဲမကာ သမံတလင်းပေါ် ချနေသော အိုက်လိတ်ကို တွေ့သည် ။ ဂျစ်ကားပေါ်မှ တာလပတ်မိုးသည် ဖြစ်ကတတ်ဆန်း ပတ်ချည်လာသလို အဖတ်အလျား မသပ်မရပ် ကျနေ၊ လန်နေလျက် ခြင်းတောင်းတွေ၊ ဟင်းသီးဟင်းရွက်တွေ ကြက်ဥတွေရော သူပါ ရေစိုရွှဲနစ်နေသည် ။

အဖြူရောင် တီရှပ်လက်တိုနှင့် စစ်ဘောင်းဘီပွပွကြီးမှာ တုတ်တုတ်ကျ ရေနစ်နေသည် ။ ခြေထောက်မှာ ရာဘာဖိနပ်ဖြူသည်းကြိုးပြာနှင့်၊ အတော်ကိုကပ်သော သူ့ဆံပင်တို့ မှာ ရေ ရွှဲသဖြင့်ပိပိရိရိမနိုင်ဘဲ မိုးကောင်းကင်သို့ တူရူထောင်မတ်လျက်။ ညိုမှောင်းသော အသားအရေ၊ ရိတ်ဖို့ အချိန်ရှိဟန် မတူသော မုတ်ဆိတ်ကျင်စွယ်များ ၊ ဖုထစ်ကျစ်လျစ်နေသော သူ့ကာယဗလကြီးများ နှင့် အေးစက်သလိုလို၊ ဘုကျမလိုလို၊ ဒါမှ မဟုတ် ထုံပေပေကြီးလိုလို၊ နှုတ်ခမ်းများ စေ့လျက် နှုတ်ပိတ်ကြီးလုပ်ကိုင်နေပုံတို့ မှာ အက်ရှင်မင်းသား ဗင်ဒိန်း ဟန်ပန်ဆန်ဆန်။ ရုပ်ချင်း

မတူသော်လည်း ခန္ဓာကိုယ်နှင့် ပြုမူ လုပ်ကိုင်ပုံများ သဏ္ဍာန်တူလှပါသည် ။

"ဒီမှာ ရှင့် ..."

မော့မကြည့်သေးသူကို မနောက အသံပြုလိုက်သည် ။ ဆတ်ခနဲခေါင်းမော့ကာ မနောကို ဖျတ်ခနဲမျှကြည့်ပြီး မနော နောက်ဘက်ကို လှမ်းကြည့်လိုက်၏။ နောက်ဘက်မှ ကိုငြိမ်း အသံထွက်လာသည် ။

"ဟ ... မင်းဟာတွေ ဒီမှာ မချနဲ့ လေကွာ"

သူက မနောကို ပြန်ကြည့်သည် ။ ကြည့်ပုံမှာ တစ်မျိုး။ ဘယ်မှာထားရမလဲဟု မနောထံမှ အခွင့်တောင်းပုံ တစ်ခဏ ပေါ်လျက် နောက်ပိုင်းအကြည့်ဟာ မတည်မငြိမ် ယောက်ယက်ခတ် မျက်ဝန်းတို့ နှင့်။

"မေမေ မရှိဘူး၊ ဒါတွေ ဘယ်လောက်ကျလဲရှင့်"

"ဟော့ ... ပြန်သယ်လိုက်၊ သယ်ပြီး မင်း ဟိုဘက်ဘေးက ပတ်သွား၊ နောက်ဖေးတံခါးပေါက်ဝမှာ သွားချ၊ ဘယ့်နှယ် မိုးစိုစို၊ ရွှံ့ပေပေတွေ ဧည့်ခန်းထဲက ဖြတ်သယ်လို့ ဘယ်ရပ့်မလဲကွာ"

ခါတိုင်းတော့ မိုးသဲကြီးမဲကြီးချနေတာနှင့် တစ်ကြိမ်မှ မကြုံသေး။ သူသည် လိုပဲ ချထားခဲ့တာတွေကို မဂျမ်းက အိမ်နောက်ဘက်သို့ အပြင်ကပဲ ပတ်သယ်ယူသွားတတ်သည် ။

"ဘယ်ဘက်လဲ အစ်ကို"

သူ့ထံမှ အသံထွက်လာသည် ။

"ဟိုဘက်ဘေး ဝင်သွား၊ နောက်ဖေးပေါက်ရှိတယ်၊ အရွက်တွေ ကျမကျန်စေနဲ့ ၊ အိမ်ရှေ့ကြီးမှာ "

ကိုငြိမ်းရဲ့ အသံတင်းတင်းကြောင့် သူ့ကိုမနော အားနာသလိုလိုတော့ ရှိသည် ။ သို့သော် သူ့ပုံစံက အပြောအဆို ခံရဖူးနေကျပုံစံ။ သည်းညည်းခံနိုင်စွာ သမံတလင်းပေါ်ကျ နေသော မုန်ညင်းရွက် အပြတ်အစ၊ ဖလံတောင်ဝှေး ထိပ်ရိုးကလေးများ ဘာဘာညာညာတို့ ကို လက်နှင့်ပေပေရေရေ ကောက်ယူကျုံးကာ ဂျစ်ကားနောက်ထဲ လှမ်းထည့်သည် ။

မိုးမှာ တဝေါဝေါတဒိုင်းဒိုင်းမြည်အောင် သည်းထန်နေသဖြင့် ...

“မဂျမ်း ... ထီးဖြစ်ဖြစ်၊ ခမောက်ဖြစ်ဖြစ် တစ်ခုခု ဆောင်းစရာယူပေးစမ်း”

မနော လှမ်းပြောလိုက်သည် ။

“နေပစေ ... ရတယ်”

သူ့စကားက ပြတ်သော်လည်း အသံက နူးညံ့ပါသည် ။ တောင်းတစ်တောင်းကို ပခုံးတစ်ဖက်ပေါ် စွေ့ခနဲ ပို့ပြီး ကျန်တစ်တောင်းကို ခါးထစ်မှာ လက်တစ်ဖက်နှင့် ထိန်းကိုင်သည် ။ မိုးတွေကြားထဲ ခြေလှမ်းကျဲနှင့် အိမ်ဘေးဘက် ကွေ့လျှောက်သွားတော့၏။

“နေပါဦး ... ဒီနေ့ ဘာနေ့လဲ”

“ဒီနေ့ ဖရိုင်းဒေးလေ ကိုငြိမ်း”

ကိုငြိမ်းက မျက်ခုံးတွန့်ကာ မီးဖိုဘက်သို့ လျှောက်သွား လိုက်သည် ။ နောက်ဖေးတံခါးဝမှ အိုက်လိတ်ပေါ်လာကာ တောင်းကို ကြွေပြားခင်းကြမ်းပေါ် ချလိုက်သည် ဆိုလျှင်ပင် ...

“ဟော့ကောင် ... မင်းက တနင်္ဂနွေနေ့မှာ ဒါတွေ ပို့နေကျ မဟုတ်လားကွ”

ကိုငြိမ်း မေးလိုက်မှ ပဲ မနော‌လည်း သတိရမိသည် ။ အိုက်လိတ်က ခေါင်းညိတ်သည် ။

“ဒီနေ့မှ သောကြာပဲ ရှိသေးတယ်”

“အန်တီ မှာ သွားလို့ ပါ”

“ဪ ... အန်တီ ခရီးသွားတာ မင်းသိတာကိုး၊ ဘယ်လိုမှာ သွားလဲ ”

“အန်တီက ခရီးသွားမယ်၊ ကြာချင်ကြာမယ်၊ တစ်ပတ်စာဟင်းလျာဝယ်ရင် ဒေါ်သန်းတစ်ယောက်ပဲ ဈေးသွားရမယ်၊ သူမပါနိုင်ဘူး၊ စုံစုံလင်လင် ပါချင်မှ ပါမယ်၊ ဒါကြောင့် တစ်ပတ်မတိုင်ခင် ကြက်ဥရော၊ အသီးအရွက်ရော ဒီကိုလာပို့ချေလို့ မှာ သွားပါတယ်”

“ဪ ... ဒီလိုလား”

အိုက်လိတ်က တောင်းထဲမှ တစ်ခုပြီးတစ်ခု ထုတ်ယူကာ ဒေါ်သန်းပေးသော ပလတ်စတစ်ဆန်ခါခုံး ကြီးကြီးသေးသေးတွေထဲ ထည့်နေသည် ။ ဘူးသီး၊ သခွားသီး၊ မုန်လာဥ၊ မုန်ညင်းရွက်၊ ကန်စွန်း၊ ချဉ်ပေါင်၊ ဘူးညွန့်၊ ဖလံတောင်ဒေး၊ ပဲသီး၊ ခရမ်းသီး၊ ငရုတ်သီးစိမ်း၊ ပဲစောင်းလျားသီး၊ ပန်းဂေါ်ဖီအစိမ်းဖွင့်၊ ခရမ်းချဉ်သီး၊ နံနံပင်၊ စပါးလင်ပါ စုံနေတော့သည် ။

“ဘယ်လောက်ကျလဲ”

မနောက ထပ်မေးလိုက်ရာ အိုက်လိတ်က ခေါင်းမော့ ကြည့်ပြီးမှ ငုံ့စောင်းစောင်းနှင့်

“ဟို ... ကြက်ဥက လေးကျပ်ခွဲနဲ့ ... အလုံးသုံးဆယ်က ...”

နေ့းတုံ့တုံ့ ပြောကာ တန်ဖိုးပဲ တွက်နေသလားမသိ။ စိတ်နှင့် လူနှင့် မကပ်လှပုံဖြင့် သူ့ပုံစံမှာ အိုးတိုးတိုး အမ်းတမ်းတမ်း ဘယ်လိုမှန်းကို မသိ။ မျက်လုံး နက်နက်တွေက ဟိုကြည့် သည် ကြည့် ငုံ့လိုက်၊ မျက်လွှာချလိုက် ...။

“မင်းနှယ်ကွာ၊ ဒါကလေး တွက်နေလိုက်တာ၊ လေးကျပ်နဲ့ က တစ်ရာ့နှစ်ဆယ်၊ ငါးမူးနဲ့ က ဆယ့်ငါးကျပ်၊ တစ်ရာ သုံးဆယ့်ငါးကျပ်ပေါ့ကွ ”

“ဟုတ်ကဲ့”

ကိုငြိမ်းရဲ့ မာပြတ်ပြတ်အသံကို စိုးစဉ်းမျှ နားဝင်သက်ပုံ မရဘဲ အိုက်လိတ်က ခေါင်းကိုကုတ်ရင်း တရိုတသေ ဟုတ်ကဲ့သည် ။

“ကဲ ... ကျန်တာတွေကကော”

“ကျန်တာတွေ စုစုပေါင်း သုံးဆယ်ပဲထား၊ တစ်ရာ့ ခြောက်ဆယ့်ငါးကျပ်ပါ”

“ဟင် ... ရှင့်ဟာတွေသုံးဆယ်ဖိုး ဘယ်ကမှာ လဲ၊ ဟင်းသီးဟင်းရွက်တွေ ဒီလောက် ဈေးတက်နေတာ၊ ကျွန်မ သိပါတယ်၊ မေမေ့ကိုတောင်း သလိုပဲ အားမနာပါနဲ့ ၊ အမှန်တိုင်း တောင်းပါ”

“ဟုတ်ပါတယ်၊ ဒီလောက်ပါပဲ”

မနောကို ဖျတ်ခနဲ မျက်လွှာလှန်ကြည့်ပြီး ခေါင်းငုံ့သွားသည် ။ သြော် ... သည် လူ့နှယ် ...။

“ကဲ ... ကဲ ... ရော့၊ တစ်ရာခြောက်ဆယ့်ငါးကျပ် ... ဟုတ်တယ်နော်”

ကိုငြိမ်းက သူ့ဘောင်းဘီအိတ်ထဲမှ ပိုက်ဆံနှိုက်ထုတ်ကာ ပေးလိုက်

သည် ။

"ဟင် ... ကိုငြိမ်း နေပစေ၊ မနော ပေးမှာ ပေါ့"

"ဩော် ... ဒီလောက်လေးများ မနောကလည်း ၊ ကဲ ... ကဲ ... မင်းလည်း ကိစ္စပြီးရင် ပြန်တော့၊ မနောရေ ... ကိုယ်လည်း သွားမယ်၊ မမူတို့ကို ထမင်းစားမစောင့်ဖို့ မနောပဲ ပြောလိုက်တော့"

"ဟုတ်ကဲ့"

ကိုငြိမ်းက ပြောပြောဆိုဆို ဧည့်ခန်းဘက် ပြန်ထွက်သွားလေရာ မနောမှာ နောက်က ယောင်ဝါးဝါးကလေးပါသွားမိသည် ။ ကိုငြိမ်း အပေါ်ကုတ်အင်္ကျီဝတ်၊ ဖိနပ်စီးကာ ထီးရှည်ကြီး ဖွင့်ဆောင်းလျက် ကားဂိုဒေါင်ဆီ ထွက်သွားမှ အိမ်ရှေ့တံခါးကို ပြန်ပိတ်ရင်း ကျန်ရစ်သည် ။ ကားဂိုဒေါင်ထဲ ဖင်ဆုတ်သွင်းထားသော ကိုငြိမ်းကားက ဂိုဒေါင်နှင့် တည့်တည့် ခြံတံခါးမှ လွတ်လွတ်ကျွတ်ကျွတ်ပင် မောင်းထွက် သွားတော့သည် ။ ပေါ်တီကိုအောက်ကွေ့ ဝင်ရပ်ထားသော ဟိုလူ့ဂျစ်ကားနှင့် အဟန့်အတား မဖြစ်ပါ။

ဂျစ်ကား ခုထိရှိလျက်သား။ ဟိုလူမပြန်သေးပါလား။ ခြင်း ပလုံးတွေပဲ ပြန်သယ်ပို့နေသလား၊ မိုးရွာလွန်းအားကြီးလို့ ပဲ ချက်ချင်း မပြန်သလား ... မနော မသိ။ မနောက ထမင်းစားခန်း စားပွဲမှာ ပြန်ဝင်ထိုင်ပြီး ကော်ဖီ နောက်တစ်ခွက် ငှဲ့သောက်သည် ။ ထမင်းစားခန်းနံဘေး ရေချိုးခန်းထဲမှ မဂျမ်း၏ အဝတ်ဆောင့်လျှော်သံ တဗုန်းဗုန်းမှာ မိုးသံ တဝုန်းဝုန်းနှင့် ရောထွေးဆူညံနေလေသည် ။

အဲသည့်ကြားထဲမှ တစ်ချက် တစ်ချက် ဖောက်ထွက်လာသော အသံကလေးများကို မနော သဏ္ဍာမကင်း နားစွင့်မိလျက်သား။ တိုးအုပ်သော စကားပြောသံ အချီအချ ဖြစ်၏။ တစ်စုံတစ်ရာကို အရေးတကြီး တိုင်ပင်

ဆွေးနွေးနေသလို။ မူလသံမှန်မဟုတ်ဘဲ လေသံမျှဖြစ်လျက် စိတ်ဝင်စားမှု၊ စိတ်လှုပ်ရှားမှု အရှိန်ကြောင့် တစ်ချက် တစ်ချက် အသံမြင့်ထွက်လာလိုက်၊ ပြန်လည်တိုးအုပ်သွားလိုက်၊ ဘာရယ်လို့ တော့ မသဲကွဲ။

မနော မျက်မှောင်လေး ကုတ်လိုက်မိသည် ။ အိုက်လိတ်နှင့် ဒေါ်သန်းဟာ ရင်းနှီးသင့်သလောက် ရင်းနှီး ခေါ်ပြော ရှိကြပါသည် ။ သို့သော် ဘာမှ ခုလို လျှို့ဝှက်ကျိတ်ဖုံးကာ တိုင်ပင်နေကြစရာ အကြောင်း မရှိသလောက်ပါ။ ဘာများ ပါလိမ့်။

မနောမှာ အောင့်အည်းမျိုသိပ်မနေတတ်သူပီပီရုတ်တရက် ထိုင်ရာမှ ထကာ မီးဖိုခန်း တံခါးဝသို့ ဘွားခနဲ သွားရပ် အကဲခတ်ကြည့်လိုက်၏။

"ဩော် ... သမီး ဘာလိုချင်လို့ လဲ"

ဒေါ်သန်း အမူအရာမှာ ကမန်းကတန်း စကားစဖြတ်လိုက်ကာ ထိတ်ထိတ်ပျာပျာ။ မနော အံ့အားသင့်ပြီး ဘာကို မေးရမှန်းမသိဖြစ်နေသည် ။ အိုက်လိတ်သည် မျက်နှာမှုန်တေတေနှင့် ခေါင်းကို တွင် တွင် ကုတ်ဖွနေလျက်သား ...။

"ကိုအိုက်လိတ်က ဘာလို့ မပြန်သေးတာလဲ"

မနောက သိပ်ဘဝင်မကျနိုင်ခြင်းကို မဖုံးဖိနိုင်ဘဲ သံသယသံဖြင့် မေးလိုက်မိသည် ။

"မိုးတွေကသည်းတော့ သူလည်း မိုးမိလာတာနဲ့ ချမ်းတယ် ဆိုလို့ ဒေါ်သန်း ရေနွေးလေး တိုက်နေတာပါ၊ အချမ်းလေး ပြေမှ သွားပါစေ တော့လို့ "

"ဩော်"

တကယ်ပဲ ရှေ့မှာ စားပွဲဝိုင်းပုလေးနှင့် ရေနွေးကြမ်းကရား တင်လျ

က်သား။ ပြောလိုက်မှ အိုက်လိတ်က ရေနွေးပူပူ တစ်ခွက်ငှဲ့ကာ အငွေ့ တလူလူဟို တဖူးဖူးမှုတ်ကာ သောက်နေသည် ။ မနောစိတ်ထဲ သူတို့ မျက်နှာကဲတွေကို တကယ်ပဲ မသင်္ကာပါ။ ဒေါ်သန်း ဆိုသည် မှာ မေမေ့ရဲ့ တကယ့်လူယုံ အိမ်မွေးခြံပေါက်။ တစ်ခါတစ်ရံ မနောကို ကလေးမို့ဆိုကာ မသိစေလိုမျိုးကို မေမေက ဒေါ်သန်း တစ်ဦးတည်းသို့ ဖွင့်ဟတိုင်ပင်တာမျိုးပင် ရှိတတ်ခဲ့ဖူးပါ၏။ ဒေါ်သန်းဟာ မီးဖိုချောင်ကိစ္စ တာဝန်ယူနေရသော်လည်း မေမေ ချစ်သဖြင့် ဆင်ယင်ထားသော ဆွဲကြိုး၊ နားကပ်တို့ ကို အိမ်နေရင်း ဝင်းဝင်းပပ ဝတ်ဆင်ထားနိုင်လျှက် အဝတ် အထည်ကအစ မညှိုးမနွမ်း ပြောင်ပြောင်လက်လက် ရှိပါသည် ။

မေမေ့ကိုလည်း ဖူးဖူးမှုတ်မတတ် ဂရုစိုက် ပြုစုတတ်သည် မှာ သမီးရင်းက လိုက်မမီပါ။ မနောတို့ သားအမိအပေါ်မှာ တော့ ဖျက်လိုဖျက်ဆီးစိတ် မမွေးတန်ကောင်းပါ။ သူတို့ ဟာသူတို့ ဘာကိစ္စ အပတ်အသက်ရှိသလဲမှ မသိတာ။ မနောက မတင်မကျနှင့်ပင် လှည့်ထွက်သွားဖို့ ပြင်လိုက်သည် ။

“ကဲ ... ကဲ ... အိုက်လိတ်ရေ၊ မြန်မြန်သောက်၊ မြန်မြန်ပြီး၊ မြန်မြန်သွား၊ ကိစ္စမြန်မြန်ပြီး အေးရော၊ တော်ကြာ သူ့ဦးလေး ပြန်ရောက်လာခါနီးပြီ”

မနော မျက်ခုံးလေးပင့်ကာ အကြီးအကျယ် အံ့အားသင့်လျှက် ဒေါ်သန်းကို ကြည့်မိသည် ။ ဦးဦး ပြန်မရောက်ခင် ဘာများ ကိစ္စပြီးချင်ပါလိမ့်။

“ဒေါ်သန်း ... ဘာကို ဆိုလိုတာလဲ၊ ဘာပြောလိုက်တာလဲ”

“ဘာမှ မဟုတ်ပါဘူး သမီးရယ်”

“ဒေါ်သန်း ... မနောကို ဒီလို အူကြောင်ကြောင် မလုပ်နဲ့ နော်၊ ဒေါ်သန်းတို့ ဘာတွေ တိုင်ပင်နေကြတာလဲ၊ ဘာလုပ်ကြမလို့ လဲ၊ မဟုတ်တာ

တစ်ခုခု လုပ်ကြတော့မယ် မဟုတ်လား”

မနောသည် သူတို့ မျက်နှာနှစ်ခုကြောင့် အန္တရာယ်တစ်ခုခု တွေ့ရတော့မလိုလို ရင်ဖိုလာသည် ။ အသံကလေးပါ တုန်လာ၏။

“ကဲကွယ် ... မောင်အိုက်လိတ်ရယ်”

ဒေါ်သန်းက လောဆော်လိုက်သလို အသံပြုလိုက်သောအခါ အိုက်လိတ် တစ်ယောက် ဖင်ထိုင်ခုံပုကလေးပေါ်မှ ဆတ်ခနဲ ထလိုက်သည် မှာ သူ့အရပ်ကြီး သူ့ဗလကြီးတို့ ကြောင့် ရုတ်တရက် ဝုန်းခနဲနေမတတ် ... မနောလည်း အလန့်တကြား အသံထွက် ညည်းတွားလိုက်မိပါ၏။ သူ့ဘောင်းဘီ ခါးပတ်လည်နေရာမှ ပလတ်စတစ်အိတ်တစ်ခုဆွဲထုတ်ယူလိုက်ကာ အဲသည် ထဲက တစ်စုံတစ်ရာကို ထုတ်ယူလိုက်တာတို့ မှာ မြန်ဆန်လှသဖြင့် ရပ်ကြည့်နေမိသူအဖို့ ပင် မသဲမကွဲနိုင်လှသည် ။

ခြေလှမ်းကျဲကြီးနှင့် နှစ်လှမ်းပြည့်အောင် ရှေ့မတိုးရဘဲ မနောအနား ထက်ကြပ်ကပ်ကာ ရောက် လာပြီး မနောရဲ့ ပခုံးတစ်ဖက်ကို သူ့လက်ကြမ်း သန်သန်မာမာကြီး တစ်ဖက်ဖြင့် ဆွဲဖက်ချုပ်ထားလိုက်ပြီး သူ့လက်ထဲမှ တစ်စုံတစ်ရာက မနောနှာခေါင်းနား ကပ်လာသည် ။

“ဟင် ... ရှင် ... ရှင် ... ရှင် ... ဒါဘာလုပ်တာလဲ၊ ဒေါ်သန်း”

ခြေကို ဆောင့်ကာ ဆောင့်ကာ ခုန်ရင်း ရုန်းပါသော်လည်း ခန္ဓာကိုယ် အပေါ်တစ်ပိုင်လုံး လုံးဝ မလှုပ်နိုင်သဖြင့် အရာမထင်ပါ။ ဗလုံးဗထွေး အော်ဟစ် ရန်တွေ့ကာ ဒေါ်သန်းကို အားကိုးတကြီး ခေါင်း လှမ်းကြည့်လိုက်မိသေးသည် ။ ဒေါ်သန်းမျက်နှာ ဤဖြစ်ရပ် အပြုအမူ အတွက် အလိုတူ အလိုပါ ဖြစ်ကြောင်းကို ထင်းထင်းကြီး ဖော်ပြနေလျက်၊ ခပ်မှုန်မှုန်နှင့် စိတ်မချမ်းသာလှတာကိုတော့ သိသာစေသည် ။

အိုက်လိတ်က မနော့ရဲ့ နှာခေါင်း၀ တေ့ကပ်နေသော ဂွမ်းစကလေးများ စူး၀ါးအော်ဂလီဆန်သော အနံ့ဆိုးကြီးနှင့် သတိလစ် မေ့မြောစေမည့် ဆေးတစ်မျိုး ဆွတ်ထားသည် ဆိုတာကို သတိပြုနိုင်ချိန်တွင် မနော မလှုပ်နိုင်တော့ပြီ။ အိုက်လိတ်မျက်နှာ အနီးကပ်ကြီးနှင့် သူ့ထံမှ ထွက်သက် လေပူနွေးနွေးဟာ မနော နောက်ဆုံး သိမှတ် အာရုံခံစားနိုင်တာဖြစ်လျက် လောလောဆယ် အခြေအနေနှင့် မနော သတိလက်လွတ် အဆက်ပြတ်သွားရပါတော့သည် ။

*